# ဆေးဝါးသစ်ကို လူတွင်စမ်းသပ်မှုသည် သင့်အတွက် သင့်တော်ပါသလား။

**ဆေးဝါးသစ်ကို လူတွင်စမ်းသပ်မှုများသည် ကင်ဆာနှင့် အခြားရောဂါဝေဒနာရှင်များအတွက် ကုသစောင့်ရှောက်ရေးနှင့် ကျန်းမာပျော်ရွှင်ရေးမြှင့်တင်သော နည်းလမ်းများ ရှာဖွေရန်ကို ရည်ရွယ်ပါသည်။ ဤသတင်းအချက်အလက်စာရွက်သည် ဆေးဝါးသစ်ကို လူတွင်စမ်းသပ်မှုတွင် ပါဝင်ပုံအဆင့်ဆင့်ကို သင့်အား လမ်းညွှန်ပေးပြီး ကုသမှုအဖွဲ့သို့ စုံစမ်းလိုသောမေးခွန်းများကို ကူညီဖြေပေးပါမည်။**

## ဆေးဝါးသစ်ကို လူတွင်စမ်းသပ်မှုတွင် ပါဝင်ခြင်း၏ အကျိုးကျေးဇူးများက ဘာပါလဲ။

- မရရှိနိုင်သေးသည့် ကုထုံး သို့မဟုတ် စစ်ဆေးမှုများ ရနိုင်ခြင်း။
- စမ်းသပ်ကုထုံးများသည် သင ယခုရနေသော ရွေးချယ်ရန်များထက် ပိုမိုထိရောက်မှု ရှိနိုင်သည်။
- ဤစမ်းသပ်မှုလုပ်နေသော ဆရာဝန်များ၊ သူနာ ပြုများနှင့် ညှိနှိုင်းရေးမှူးများ ပါဝင်သော အထူးကျွမ်းကျင်အဖွဲ့မှ ဆေးဝါးသစ်ကို လူတွင် စမ်းသပ်မှုကို အနီးကပ် စောင့်ကြည့်ခြင်း၊ ပြုစုစောင့် ရှောက်ခြင်းနှင့် ပံ့ပိုးမှုများ။

## ဆေးဝါးသစ်ကို လူတွင်စမ်းသပ်မှုတွင် ပါဝင်ခြင်း၏ ဆိုးကျိုးများက ဘာပါလဲ။

- စမ်းသပ်ကုထုံးများအတွက် မနှစ်မြို့ဖွယ်၊ ပြင်းထန်သော သို့မဟုတ် အသက်အန္တရာယ် ခြိမ်းခြောက်နိုင်သော ဆိုးကျိုးများ ခံစားရနိုင်သည်။
- စမ်းသပ်ကုထုံးသည် သင ယခုရနိုင်သော ရွေးချယ်ရန်များထက် ပိုမိုထိရောက်ခြင်း မရှိသည်လည်း ဖြစ်နိုင်သည်။
- သင်သည် ပြန်လည်ဆန်းစစ်မှုများ၊ စစ်ဆေးမှု များ၊ စကန်ဖတ်ရှုမှုများအတွက် အပိုတွေ့ဆုံမှု များ လိုအပ်နိုင်ပါသည်။

## သိနားလည်၍ သဘောတူခြင်းဆိုသည်မှာ အဘယ်နည်း။

ဆေးဝါးသစ်ကို လူတွင်စမ်းသပ်မှုအဖွဲ့သည် စမ်းသပ်မှုဆိုင်ရာ အကြောင်းအချက်အလက်အားလုံးကို သင့်အား ပေးပြီး ဆွေးနွေးပါမည်။ ဤအကြောင်း အချက်အလက်များကို သင်၏ '**လူနာ သိနားလည်၍ သဘောတူခြင်း ပုံစံ**' တွင်လည်း ဖော်ပြထားပါမည်။ ဆေးဝါးသစ်ကို လူတွင်စမ်းသပ်မှု သင့် အတွက် သင့်တော် မသင့်တော် ဆုံးဖြတ်ချက်ကို ကူညီပေးရန် အောက်ပါတို့ ပြုလုပ်ရန် တိုက်တွန်းပါသည်-

- 'လူနာသိရှိနားလည်၍ သဘောတူခြင်းပုံစံ' ကို မိသားစုဝင်တစ်ဦး သို့မဟုတ် သင်၏ မိသားစု ဆရာဝန် (GP) နှင့် ဆွေးနွေးပါ။
- နောက်လာမည့် ရက်ချိန်းတွင် မေးမြန်းလိုသော မေးခွန်းများ စဉ်းစားရန် ပူးတွဲပါ 'ကျွန်ုပ်တို့ကို မေးမြန်းပါ' စာရင်းကို အသုံးပြုပါ။

ထို့နောက် ဆေးဝါးသစ်ကို လူတွင်စမ်းသပ်မှုတွင် ပါဝင်ရန် သင် ဆုံးဖြတ်ပါက မပါဝင်မီ '**လူနာသိရှိနားလည်၍ သဘောတူခြင်းပုံစံ**' ကို သင့်အား ဖတ်ရှု လက်မှတ်ရေးခိုင်းပါမည်။ ဆိုလိုသည်မှာ သင်သည် -

- ဆေးဝါးသစ်ကို လူတွင်စမ်းသပ်မှုအကြောင်းကို **ရှင်းပြရာတွင်** သင်နားလည်သော ဘာသာစကား ဖြင့် ဆေးဝါးသစ်ကို လူတွင်စမ်းသပ်မှုသည် သင့်အတွက် သင့်တော် မသင့်တော် ဆုံးဖြတ်ချက်ကို ကူညီပေးရန် လိုအပ်သည့် သတင်းအချက်အလက်အားလုံးကို ပေးအပ်ထားပါ သည်။

၂၀၂၀ ပြည့်နှစ် ဇွန်လ



Parkville ကင်ဆာ လက်တွေ့စမ်းသပ်မှုယူနစ်မှ ဖန်တီးသည်
Victorian Comprehensive Cancer Centre
(ဗစ်တိုးရီးယား ဘက်စုံကင်ဆာစင်တာ((VCCC)) မိတ်ဖက်မှ ဘာသာပြန်သည်

- ဆေးဝါးသစ်ကို လူတွင်စမ်းသပ်မှုဆိုင်ရာ အကြောင်းအချက်အလက်အားလုံးကို နားလည်ပြီး ဤစမ်းသပ်မှုတွင် ပါဝင်ရန် **သဘောတူချက်**ပေးသည်။

## "ငြင်းဆိုသည်၊ ကျွန်ုပ်မပါဝင်လိုပါ" ဟု ပြောပါက ဘာဖြစ်နိုင်မည်နည်း။

ဤဆေးဝါးသစ်ကို လူတွင်စမ်းသပ်မှုတွင် ပါဝင်ရန် "ငြင်းဆိုသည်" ဟု သင်ပြောနိုင်သည်။ "ငြင်းဆိုသည်" ဟု ပြောခြင်းသည် သင့် ကုထုံး သို့မဟုတ် သင့်ဆရာဝန်နှင့်ဆက်ဆံရေးကို ထိခိုက်စေမည် မဟုတ်ပါ။

## "လက်ခံသည်၊ ကျွန်ုပ်ပါဝင်လိုပါသည်" ဟု ပြောလျှင် ဘာဖြစ်နိုင်မည်နည်း။

ဤဆေးဝါးသစ်ကို လူတွင်စမ်းသပ်မှုတွင် ပါဝင်ရန် "လက်ခံသည်" ဟု သင်ပြောပါက ဤစမ်းသပ်မှုဆိုင်ရာဆရာဝန်က 'လူနာ သိရှိနားလည်၍ သဘောတူခြင်းပုံစံ' ကို လက်မှတ်ထိုးရန် သင့်အား ပြောပါမည်။

## ရရှိနိုင်ခွင့်ဆိုသည်မှာ အဘယ်နည်း။

ဆေးဝါးသစ်ကို လူတွင်စမ်းသပ်မှုအားလုံးတွင် လူနာများ ဤစမ်းသပ်မှုတွင် မပါဝင်မီ ရှိထားရမည့် လိုအပ်သော ရရှိနိုင်ခွင့် သတ်မှတ်ချက်များ ရှိပါသည်။

ရရှိနိုင်ခွင့်သတ်မှတ်ချက်များတွင် အသက် ၊ ကျန်းမာရေးရာဇဝင်နှင့် လက်ရှိကျန်းမာရေးအခြေအနေတို့ ပါဝင်နိုင်သည်။

ဤသတ်မှတ်ချက်များကို ထားရှိရခြင်းမှာ ပြင်းထန်သော ဘေးထွက် ဆိုးကျိုးများ ပိုမို တွေ့နိုင်ခြေရှိသော လူနာများကို **အန္တရာယ်မဖြစ်စေ ကြောင်း** သေချာစေရန် ဖြစ်သည်။သင်၏ 'လူနာ သိရှိနားလည်၍ သဘောတူခြင်းပုံစံ' ကို လက်မှတ်ရေးထိုး ပြီးသည်နှင့် သင် ပါဝင်နိုင်ခြင်း ရှိမရှိအတွက် စစ်ဆေးခြင်း သို့မဟုတ် စကန်ဖတ်ခြင်းများ ပြုလုပ်ရန် သင့်ထံမှ ခွင့်ပြုချက် ရယူပါမည်။

'လူနာ သိရှိနားလည်၍ သဘောတူခြင်းပုံစံ' ကို လက်မှတ်ထိုးခြင်းသည် သင့်အနေဖြင့် ဤစမ်းသပ်မှုတွင် ပါဝင်နိုင်မည်ဟု အာမခံခြင်း **မဟုတ်ပါ**။ ဤစမ်းသပ်မှုတွင် ကုထုံးမခံယူမီ ပါဝင်နိုင်ကြောင်း သတ်မှတ်ချက်အားလုံးကို သင် ရှိရပါမည်။

# ကျွန်ုပ်တို့ကို မေးပါ...

**မေးခွန်းများ မေးခြင်းသည် 'လူနာ သိရှိနားလည်၍သဘောတူခြင်းပုံစံ' ၏ အရေးကြီးသော အစိတ်အပိုင်းတစ်ခု ဖြစ်သည်။ သင်၏ စမ်းသပ်မှုအဖွဲ့ကို သင် မေးမြန်းလိုသည့် မေးခွန်းအချို့ကို ကျွန်ုပ်တို့ ဖော်ပြပေးထားပါသည်။ ဤစာရွက်ပေါ်တွင် သင် ရေးထားသည့် သင့်မေးခွန်းများလည်း ရှိနိုင်ပါသည်။**

## သင့်ဆရာဝန်ကို မေးပါ...

- ☐ ဤစမ်းသပ်မှုက ဘာပါလဲ။
- ☐ အခြားစမ်းသပ်မှုများ ရှိပါသလား။
- ☐ ဤစမ်းသပ်မှုတွင် မပါဝင်ဘဲ ဤစမ်းသပ်ကုထုံးကို ရရှိနိုင်ပါသလား။
- ☐ ကျွန်ုပ် မပါဝင်ပါက မည်သည့်ကုထုံးကို ရရှိပါသလဲ။
- ☐ ဤစမ်းသပ်မှုမှာ ပါဝင်ခြင်းအားဖြင့် မည်သည့် အကျိုးကျေးဇူးများ ရနိုင်ပါသလဲ။
- ☐ ဤစမ်းသပ်ကုထုံး၏ ဆိုးကျိုးများ သို့မဟုတ် အန္တရာယ်ဖြစ်နိုင်ချေများမှာ ဘာတွေလဲ။

## ကျွန်ုပ် စမ်းသပ်ကုထုံး ခံယူပါက ဘာဖြစ်နိုင်ပါသလဲ။

- ☐ ဤစမ်းသပ်မှုကုထုံးနှင့်ပတ်သက်၍ မည်သည်တို့ကို သိထားပါသလဲ။
- ☐ ဤလစမ်းသပ်မှုတွင် မည်သည့် ကုထုံးအမျိုးအစားများကို ပေးမလဲ။
- ☐ ကျွန်ုပ် ရမည့် ကုထုံး ကို သိရပါမလား။
- ☐ ကျွန်ုပ်၏ စမ်းသပ်ကုထုံးကို မည်သို့ ပေးမလဲ။
- ☐ ဤစမ်းသပ်မှု ပြီးသည့်နောက် ဤကုထုံးကို ဆက်သုံးနိုင်ပါသလား။
- ☐ အကယ်၍ ကျွန်ုပ် နေမကောင်းပါက သို့မဟုတ် ဤစမ်းသပ်မှုတွင် တစ်ခုခု မှားယွင်းပါက ဘာဖြစ်နိုင်သလဲ။
- ☐ အကယ်၍ ဤစမ်းသပ်မှု ကုထုံးက ကျွန်ုပ်ကို အထောက်အကူမပြုပါက ဘာဖြစ်နိုင်သလဲ။
- ☐ ကျွန်ုပ်၏ လက်ရှိ ပေးထားသော ဆေးဝါးများ သို့မဟုတ် အခြားကုထုံးများကို ဆက်လက် အသုံးပြုနိုင်ပါသလား။

## သင်၏ သူနာပြု သို့မဟုတ် ညှိနှိုင်းရေးမှူးကို မေးပါ...

- ☐ ဤစမ်းသပ်မှုတွင် ကျွန်ုပ်၏ ကုသရေးအဖွဲ့တွင် မည်သူတွေ ပါပါသလဲ။
- ☐ ကျွန်ုပ်သည် ဤစမ်းသပ်မှုတွင် ပါဝင်နေစဉ် မေးခွန်းများ သို့မ ဟုတ် စိုးရိမ်ပူပန်မှုများအတွက် မည်သူက ဖြေကြားကူညီနိုင်ပါသလဲ။
- ☐ ကျွန်ုပ်၏ စမ်းသပ်မှုရလဒ်များ ဘာဖြစ်မလဲ။
- ☐ ရလဒ်များကို အများပြည်သူ သိအောင် ထုတ်ပြန်သလား။

## ကျွန်ုပ်၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များ ဘာဖြစ်နိုင်ပါသလဲ။

- ☐ ကျွန်ုပ်၏ ကိုယ်ရေးလုံခြုံမှုကို မည်သို့ ကာကွယ်ပေးပါသလဲ။
- ☐ ကျွန်ုပ်အမည်ကို ကျွန်ုပ်၏ စမ်းသပ်မှု အချက်အလက်များနှင့်အတူ အသုံးပြုမလား။
- ☐ ဤစမ်းသပ်မှု၏ တစ်စိတ်တစ်ပိုင်းအဖြစ် ကျွန်ုပ်ပေးသော သတင်းအချက်အလက်ကို မည်သူက မြင်နိုင်မလဲ။
- ☐ ကျွန်ုပ်သည် ဤစမ်းသပ်မှုမှ နုတ်ထွက်ပါက ကျွန်ုပ်၏ အချက်အလက်များ ဘာဖြစ်နိုင်ပါသလဲ

## ကျွန်ုပ် ပါဝင်ခဲ့ပါက ဘာဖြစ်နိုင်ပါသလဲ။

- ☐ ကျွန်ုပ်သည် စမ်းသပ်မှုတစ်ခုတွင် ပါဝင်သော်လည်း နောက်ပိုင်းတွင် စိတ်ပြောင်းသွားပါက မည်ကဲ့သို့ ရပ်တန့်နိုင်မလဲ။
- ☐ မည်သို့သော အချိန်ကို လိုက်နာရမည့်အချက် ပါဝင်ပါသလဲ။
- ☐ ကျွန်ုပ်သည် အပိုစစ်ဆေးမှုများ သို့မဟုတ် လုပ်ထုံးလုပ်နည်းများ လုပ်ဆောင်ရန် လိုအပ်ပါသလား။
- ☐ ကျွန်ုပ်သည် ဤစမ်းသပ်မှုတွင် ပါဝင်ပါက အပိုကုန်ကျစရိတ်များ ရှိပါသလား။
- ☐ ကျွန်ုပ်သည် ဤစမ်းသပ်ကုထုံး သို့မဟုတ် လုပ်ထုံးလုပ်နည်းများကို ကျွန်ုပ်၏ အိမ်အနီးတွင် ရရှိနိုင်ပါသလား။
- ☐ ကျွန်ုပ် သို့မဟုတ် ကျွန်ုပ်၏ဇနီး ပါဝင်နေစဉ်အတွင်း နို့တိုက်ရန် သို့မဟုတ် ကိုယ်ဝန်ရရန် ဘေးကင်းပါသလား။
- ☐ ကျွန်ုပ်သည် ပါဝင်နေစဉ်အတွင်း ပဋိသန္ဓေတားရန် လိုအပ်ပါသလား။

၂၀၂၀ ပြည့်နှစ် ဇွန်လ



Parkville ကင်ဆာ လက်တွေ့စမ်းသပ်မှုယူနစ်မှ ဖန်တီးသည်
Victorian Comprehensive Cancer Centre
(ဗစ်တိုးရီးယား ဘက်စုံကင်ဆာစင်တာ((VCCC)) မိတ်ဖက်မှ ဘာသာပြန်သည်

## သင်၏ မေးခွန်းများ -

## သင်၏ မှတ်စုများ -



Parkville ကင်ဆာ လက်တွေ့စမ်းသပ်မှုယူနစ်မှ ဖန်တီးသည်
Victorian Comprehensive Cancer Centre
(ဗစ်တိုးရီးယား ဘက်စုံကင်ဆာစင်တာ((VCCC)) မိတ်ဖက်မှ ဘာသာပြန်သည်